# သက်ကြီးရွယ်လွန် သင်ပုံးကြီး ဘတ်စာ

လူသစ်တည်၍ ပြည်သစ်ဆောက်အံ့။

အရှင် အကုသိုလ်



လူထုပညာရေးကောင်စီ။

ကာသိုလ်တော်
စာကြည့်တိုက်

# သက်ကြီး ရွယ်လွန် သင်ပုန်းကြီး
# ဘတ်စာ (၁)

## အညွှန်း

က၊ ခ၊ ဂ....စသော အက္ခရာများကို ကလေးငယ်များကို သင်သကဲ့သို့–ကကြီး၊ ခခွေး၊ ဂငယ်.... စသဖြင့် မဆိုစေဘဲ ၎င်းတို့၏ အသံထွက်ကို က၊ ခ၊ ဂ၊ ဃ၊ င–စသဖြင့် ကြည့်၍ အသံထွက် ဘတ်နည်း အရ ဘတ်တတ်အောင် သင်ပြပါရန်။

ကကြီး ရေးက-ကကြီး ရေးချ ကာ-စသဖြင့် မဘတ်စေဘဲ က၊ ကာ၊ ကား၊ ကိ၊ ကီ၊ ကီး ....ဟု အသံထွက်ရှိန်တည်း၊ စာဘတ်တတ်ပြီးသော သူများဘတ်သကဲ့သို့ ဘတ်ရန် အစ ကနဦးကပင် သင်ပြပါရန်။

က ကာ ကား။ ကိ ကီ ကီး .... တို့နှင့် အချိန်ကြာမြင့်စွာ သင်ခဏ်းစာ ပေးမထားလိုသဖြင့် ကျ ကျာ ကျား။ ကျိ ကျီ ကျီး .... ဟူသော ၃–လုံးကို တပါတည်း ထည့်သွင်းထားပါသည်။ တဖန်လည်း ယပင့် ကျ နှင့် သရစ် ကြ မှာ-မြန်မာအသံထွက်မှာ အတူတူပင် ဖြစ်နေပါ၍၊ ကြ ကြာ ကြား။ ကြိ ကြီ ကြီး... တို့ကို ထပ်ဆောင်း၍ ထည့်ထားပြန်ပါသည်။

ကာသိုလ်တော်
စာကြည့်တိုက်



ဤ နည်းအားဖြင့် ကိ ကီ ကီး။ ကု ကူ ကူး။ ကေ့၊ ကေ ကေး ....စသဖြင့် ခုနစ်ခဏ်း ခွဲ၍ ထားပါသည်။

ဤ သင်ခဏ်းစာများမှ မှတည်၍၊ ဆရာလုပ်သူက ဉာဏ်ကစားသော အားဖြင့် အလားတူ စာလုံးစာပိုဒ်များကို တပည့်များအား ရေးစေခြင်း တွေးစေခြင်း မေးစေခြင်း အသွင်တူ လုံးကောက်များကို တွေ့ကရာ သတင်းစာ စာအုပ်စာတမ်းများမှ ဘတ်စေခြင်း၊ရှာစေခြင်း အသွင်တူ စာလုံးများကို ကူးရေးယူစေခြင်းအားဖြင့် ဉာဏ်ပွင့်လင်း စေနိုင်ပေလိမ့်မည်။

မိမိတို့နေထိုင် သွားလာ လုပ်ကိုင်နေသော ပတ်ဝန်းကျင်ရှိ ပစ္စည်းများနှင့် ၎င်းတို့နှင့် ပါတ်သက်သည့် အကြောင်းအရာများကို ရှာဖွေ၍ သင်ပြီးသော အခဏ်းများမှ သက်ဆိုင်ရာ စကားလုံးများကို ရေးစေခြင်းအားဖြင့် လေ့ကျင့်မှု ရင့်သန်လာစေရန်ကို ဆရာလုပ်သူများက ကူညီအားပေး စေလိုပါသည်။

ဤ သင်ခဏ်းစာတွင် ပါဝင်သော စကားလုံးများသည်၊ နမူနာ အဖြစ်မျှသာ ဖေါ်ပြထားပါသည်။ ဤ နမူနာကို မှတည်၍၊ ဆရာနှင့် တပည့်ပါ ပူးပေါင်းပြီး ဉာဏ်ကစားသည့် အပေါ်မှာ စိတ်ဝင်စားမှုနှင့် အောင်မြင်မှု တည်ပါသည်။

ကာသိုလ်တော်

နမော ဗုဒ္ဓါယ သိဒ္ဓံ၊

အ အာ၊ ဣ ဤ၊ ဥ ဦ၊ ဧ အဲ၊ ဩ ဪ၊ အံ အား။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀

## သင်ခန်းစာ (၁)

| | | | |
|---|---|---|---|
| — | —ာ | —ာ့ | —ား |
| က | ကာ | ကာ့ | ကား |
| —ျ | —ျာ | —ျာ့ | —ျား |
| ကျ | ကျာ | ကျာ့ | ကျား |
| ြ— | ြ—ာ | ြ—ာ့ | ြ—ား |
| ကြ | ကြာ | ကြာ့ | ကြား |



ဗမာ အားထားစရာ စပါးပါ။

ကာသိုလ်တော် စာကြည့်တိုက်



စ ဓ ဗ ဝ၊ ကမ ကထ။

ကာယဗလ၊ ဉာဏဗလ။

ဗလငါးပါး၊ ကျကျနန၊ အားထားပါ။

ဖဝါး နာသလား၊ ခါး နာသလား။

အားကစား ဝါသနာ၊ ကျားကျားယားယားပါ။

လသာသာ၊ ညအခါ၊ ထကပါ။

ဗမာ အားထားရာ စပါး ပါ။

အစားအစာ ကြာကြာ ဝါးစားပါ။

အားနာ ပါးနာ မစားရာ။

သမဝါယမ က သကြားပါ။

ယာသမား စားစရာ ဖါး မပါပါ*။

ရရ စားစား လခစား။

ကားသမား တဟားဟား တဝါးဝါး။

ဆရာ စာ ခဏ ခဏ ချပါ။

အရာရာ ဂ ဃ န ဏ ပါ။

သာသနာ့ ဒါယကာ၊ တရားပြကာ၊ မစ ပါ။

---

(ပါ)ကို(ဘာ) အသံ ထွက်ကြောင်း ပြောပြပါ။

## သင်ခန်းစာ (၂)

| | | | |
|---|---|---|---|
| -ိ<br>ကိ | -ီ<br>ကီ | -ီး<br>ကီး | ရှ် |
| —ျိ<br>ကျိ | —ျီ<br>ကျီ | —ျီး<br>ကျီး | ဤ |
| ြိ<br>ကြိ | ြီ<br>ကြီ | ြီး<br>ကြီး | သည် |



ရတနာတြိ နမာမိ။

ကာသိုလ်တော်
စာကြည့်တိုက်



ရတနာ ဩ*၊ နမာမိ။

ဒါန၊ သီလ၊ ဘာဝနာ။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ။

ရိုးတိုး ရားတားနေ၊ ရိုးတိုး ရားတားသေ။

မိဘ စကား၊ သကာပျား၊ ပမာထား၏။

အမိအဘဟာ၊ အမိက ပဌမ ဆရာပါ။

ဤ*မိုး နိုသည်၊ ဆီမီး ဝါသည်၊ ပြာသည်*။

ဝိရိယ ကြိုးကြိုး၊ မိုးသတိထား။

စပါးကျီ အနား၊ မီး မကစားရ။

နိုးပြီလား၊ မနိုး။ ပြီးပြီလား၊ မပြီး။

အနီးအနား မီးရထား စီးမလား။ မကြာပါ။

ဇနီး မယား၊ သမီး သား၊ အအား မထားရ။

ကြား စကား၊ နားငြီးစရာ။

ကဗျာ အရသာ၊ မဟာဂီတပါ။

သီတာ သီတာ မြသား၊ ကြာ ကြာ ကြာ ငါးပါး။

---

* ဩ—ပါဠိစကား—ရှိခိုးကြောင်း ပြောပြပါ။

* အိနှင့်၏—အိနှင့်ဤ—သိနှင့်သည် တို့၏ အသံထွက် တူပုံနှင့်သုံးစွဲပုံ တို့ကို ရှင်းပြပါ။

## သင်ခန်းစာ (၃)

| | | | |
|---|---|---|---|
| —ု<br>ကု | —ူ<br>ကူ | —ူး<br>ကူး | ဥ |
| —ျု<br>ကျု | —ျူ<br>ကျူ | —ျူး<br>ကျူး | ဦ |
| ြ—ု<br>ကြု | ြ—ူ<br>ကြူ | ြ—ူး<br>ကြူး | ဦး |



ကူညီ မ စ ပါ၊ ကူလီကုလား မရပါ။

# သက်ကြီးရွယ်လွန် သင်ပုံးကြီးဘတ်စာ။

ဦးဦးဖျားဖျား ထူးမခြားနားသိကျူးပါ။
ဘုရား*ဖူးလာရာ၊ ဖျာယူမလာဘူးလား။
သနားကမား လူဟာ ဘုရား*ဒါယကာ့သွားပါ။
ကူညီမစပါ၊ ကူလီကုလားမရပါ။
၎သမာသူ ငြူစူသည်။
ရှူးဟူးတူး အတတ လူဝါး မဝ တဝ။
ထူးကား ထူး၏၊ ရှူးကား မရှူး။
ရာသီဥတု ဂရုပြု၊ စာဥဝါသလား၊ ဖြူသလား။
အလု သမားလား၊ အပြု သမားလား၊ အနု သမားပါ။
အစားကြူးသူ ဘီလူးဟူ၏။
ဦးကြူးရာထူး ယူမလား၊ မယူဘူးလား။
အကျုမှုအား သတိထား ထူးခြား၏။
လူထုသတိ၊ လူထုမသိ၊ လူထုအသိ။
ဖြူပြာ မူယာ သူဇာ။
စာကူးပြီးပြီလား၊ စာထူး စာမြူး လာကူး ကြသည်။

---

* (ဘုရား) ကို (ဖရား) ဟုဘတ်ကြောင်း ပြောပြပါ။
ဥ ဦ ဦး တို့မှာ ု ူ ူး တို့နှင့် အသံထွက်တူပုံနှင့် သုံးစွဲပုံကိုပြောပြပါ။

## သင်ခန်းစာ (၄)

| | | |
|---|---|---|
| ေ–့<br>ကေ့ | ေ–<br>ကေ | ေ–း<br>ကေး |
| ေ–ျ့<br>ကျေ့ | ေ–ျ<br>ကျေ | ေ–ျး<br>ကျေး |
| ြေ့<br>ကြေ့ | ြေ<br>ကြေ | ြေး<br>ကြေး |

(ဈ)



လူထုပညာရေး အားပေးကူညီပါ။

ကာသိုလ်တော် စာကြည့်တိုက်



မိဘကျေးဇူး အထူးမမေ့ရ။
သမီးသားမြေး၊ အဖေအမေ ဦးစားပေး၊
နာရေး သာရေး ကူညီပေး။
ငေး၍မေ့မနေရာ၊ သတိပေးသာ-ပေးပါ။
မသိမေး၊ အဖြေမဝေးဘူး။
ပညာရေးဌာနက၊ ကျေညာစာ မရသေးပါ။
လူထုပညာရေး၊ အားပေးကူညီပါ။
စာအရေးအသား၊ ခဏခဏလေ့လာပါ။
အညာအကြေ၊ ကဗျာကဝေ၊ ဆရာစလေ။
ကြာသပတေးနေ့၊ စနေနေ့၊ တနေ့နေ့လာပါ။
မလာခရီးဝေး၊ လာအနီးကလေး။
ခရီးအဝေးကြီးက၊ ပြေးလာသည်၊ အေးအေးနေ
ပါစေ။
အစာကြေဆေး၊ မကြာမကြာ ကစားပေး။
လူမမာအား၊ နေ့နေ့ညည ဆေးပေးပါ။
ဥပဒေကျူးသူအား၊ အရေးယူပါ။
အဝေရာ၊ ဘေးမခ၊ အေးမြကြပါစေ။

၍ ကိုသုံးစွဲပုံပြောပြပါ။

ကုသိုလ်တော်
စာကြည့်တိုက်

၁၂ သက်ကြီးရွယ်လွန် သင်ပုံးကြီးဘတ်စာ

## သင်ခန်းစာ (၅)

| | | |
|---|---|---|
| –ဲ့ ကဲ့ | –ယ် ကယ် | –ဲ ကဲ |
| –ျဲ့ ကျဲ့ | –ျယ် ကျယ် | –ျဲ ကျဲ |
| ြဲ့ ကြဲ့ | ြယ် ကြယ် | ြဲ ကြဲ |

(ဋ္ဌ)



တဲထဲ၌ လေအေးရသလား၊ ကဲလား များများထဲ့ပါ။

ကာသိုလ်တော် စာကြည့်တိုက်



ဝဲများများစား လူမာ၏။
အနာဖေး၊ မဖွဲ့နဲ့၊ ဆေးထဲ့*။
ငါ့အနာ ဝဲ၊ ဆေးပုလဲ၊ အမြဲထဲ့*ပေးပါ။
တဲ့ထဲက၊ ငကဲ သဲသဲမဲမဲဆူ၏။
ကလဲ့စား၊ မချေပါနဲ့။
သဲ့သဲ့ သဲ့သဲ့ ကြားရ၊ ဘယ်ကများလဲ။
စကား ကျယ်ကျယ် မပြောပါနဲ့။
တဲထဲ၌ လေအေးရသလား၊ ကဲလား များများထဲ့ပါ။
ဆေးဆရာနဲ့ ကုရှိလား၊ မကုရသေးက ကုပါ။
မသာ ဘေးထား၍၊ ဖွဲ့ကစားတဲ့ဝါဒဟာ ကွဲရှဲစရာ။
ဖဲသမား မယား၊ တဖါးဖါး။
ကယ်ပါယူပါ တစာစာ။
ကျေးဇူးပြု၍၊ ဥပဒေအရ၊ ရဲရဲအရေးယူပါ။
နေပူကြဲကြဲ၊ လူထုထဲ ခဲကျသလား၊ မဆဲရ။
အကျယ်အကျယ်၊ တကယ်သိရှိလား။
ထယ်ထယ်ဝါဝါ၊ မယ်မယ်ရရ၊ တခုခုပြ။

* (ထဲ့) ကိုစာနှင့်ရေးလျှင် (ထည့်) ဟု ရေးရကြောင်း ပြောပြပါ။ ၌ ကိုအသုံးပြုပုံကိုပြောပြပါ။

## သင်ခန်းစာ (၉)

| | | |
|---|---|---|
| ေ—ာ့<br>ကော့ | ေ—ာ်<br>ကော် | ေ—ာ<br>ကော |
| ေ—ျာ့<br>ကျော့ | ေ—ျာ်<br>ကျော် | ေ—ျာ<br>ကျော |
| ြေ—ာ့<br>ကြော့ | ြေ—ာ်<br>ကြော် | ြေ—ာ<br>ကြော |



ဥပျော်ပျော်နေ သေခဲ့။

ကာသိုလ်တော် စာကြည့်တိုက်



ရဲသော်မသေ၊ သေသော်ငရဲမလား။
ရွှံ့ဘော်၊ ကျော်ကျော်ကြားကြား သေရဲရုံလား။
ပျော်ရွှင်ပျော်နေ၊ သေခဲ့။
လူပေါ် လူစော်ဟာ၊ လူတော်ပေါ်။
အပြောနဲ့ အပေဟာ ညီပါစေ။
မာတာပိတုဂုဏော၊ အာစရိယဂုဏော။
မသိသူကျော်—သိသူဖေါ်။
စာပေလောက၊ ပြောမပြ၊ တောကမသိဘူး။
လောက အများ၊ ပြောကြ စကား၊ ကျော့ က မကြား။
ကျော့ချထားပြ*ဟူ၍သိ။
စကား စကား ပြောပါများ၊ စကား ထဲက ဇာတိပြ၊
ဝေါဟာရနဲ့ ပေါရာဏ၊ ခြားနားသိပါ။
နဒီဇရာ ကြော မျော၍ လာသည်။
ဆီပေးတော့ ဆေးရ၊ သမီးပေးတော့ သားရ။
တောထဲကစကား တောထဲမှာထား။

---

(ထားပြ)ကို (မြေ)ဘတ်ကြောင်း ပြောပြပါ။

ကာသိုလ်တော်
စာကြည့်တိုက်



## သင်ခန်းစာ (၇)

| | |
|---|---|
| -ို့ -ို<br>ကို့ ကို | -န့် -န် ကန်း<br>-မ့် -မ် ကမ်း |
| -ျို့ -ျို<br>ကျို့ ကျို | -ျန့် -ျန် -ျန်း<br>ကျမ့် ကျမ် ကျမ်း |
| ြို့ ြို<br>ကြို့ ကြို | ြန့် ြန် ြန်း<br>ကြမ့် ကြမ် ကြမ်း |



ဗမာ့ အလံတော် အလေးပြု၊

ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ၊ ကန်တော့ကြ။

အဋ္ဌ ဝနာ၀စ ဗာလာနံ၊ ပူဇာစ ပူဇနေယျာနံ။

တော၊ ဇ၊ လှေ၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ။

ကံသာအမိ၊ ကံသာအဘ၊ သံသရာဘေး ပြေးမရ။

ဖြမ်းမပါ ဘုရားမပြီး။

ကျန်းခံ့သာ၍ မာပါရဲ့လား။

အာရောဂျ၊ ပရမံ၊ လာဘံ။

နံနံ စော်စော် မနေပါနဲ့၊ ကျန်းမာရေး အား ပေးပါ။

နေရာတကာ သန့်သန့်–ပြန့်ပြန့်နေပါ။

လူညံ့အခေါ် မခံကြပါနဲ့။

ပညာမဲ့သူ–အကန်းနဲ့တူ၏။

အဆန်းအပြား အရမ်းအတုမယူရာ။

ကံ့ကော်*၊ စကား၊ ချယား၊ ဘာယူမလဲ။

ဆီ၊ ဆေး၊ ဆန်၊ ဆား၊ ပေါ်သော်လဲ မလေပါစေနဲ့။

ဗမာ့အလံတော် အလေးပြု။

---

(လဲ) ကိုစာရေးလျှင် (လည်း)ဟု ရေးရကြောင်း ပြောပြပါ။
(ကံ့ကော်) ကို (ဝုံ့ဂေါ်)ဟု အသံထွက်ကြောင်း ပြောပြပါ။

သက်ကြီးရွယ်လွန် သင်ပုံးကြီးဘတ်စာ။

## သင်ခန်းစာ (၈)

| | | | |
|---|---|---|---|
| ို့<br>ကို့ | ို<br>ကို | ိုး<br>ကိုး | နှင့် ဖြင့် |
| ုံ့<br>ကုံ့ | ုံ<br>ကုံ | ုံး<br>ကုံး | ၎ လည်း မည် |



ဘုရား ဖူး ။

ကာသိုလ်တော် စာကြည့်တိုက်



## ဘုရားဖူး

တနေ့သ၌၊ သူကြီး ဦးဖိုးထူးနှင့် သူကြီးကတော် ဒေါ်ဘုမ်တို့သည် ဘုရားဖူး လာကြသည်။ သူတို့နှင့် အတူ သား ကိုမိုးသီး၊သမီးမဖေါ့အူ၊မြေးငဖဲတို့လည်း ပါကြ၏။သူတို့သည် မီးဖိုထဲက မီးခဲများကို ပြာဖြင့် ဖုံးခဲ့ကြသည်။ထဲ၏ကဲလားများကိုလည်းချခဲ့ကြသည်။

မိသားတစုသည် ဈေးထဲက ချယားပန်းအဖြူ၊ စကားပန်း အဝါတို့ကို ဝယ်ယူကြသည်။ ဘုရား ကန်တော့သည့်အခါ သုံးရန် ဖျာချော ကလေးများကိုလည်း ယူခဲ့ကြသေးသည်။

သူတို့မိသားတစုသည် သန့်သန့်ပြန့်ပြန့် နေရာကို ယူကြ၍ "ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ဝစီကံ၊မနောကံ" စသည်ဖြင့် ကန်တော့ကြသည်။ ဤအသံကိုကြားရသော ဘုရားဖူးများက သဘောကျ၍ "သာဓု၊ သာဓု၊ သာဓု"ဟု ခေါ်ကြသည်။

ဤကဲ့သို့ ရတနာသုံးပါးကို ပူဇော် ကန်တော့ကြ သူတို့သည် ကုသိုလ်*ရကြသည်။ ရတနာ သုံးပါးကို မေ့နေသောသူများ အတို့မှကား၊ ဘဝကူး ဆိုးချေမည်။ ဤအရာကို မသိသူတို့အတို့ သနားစရာဟု ဆိုကြရမည်။

---

*ကုသိုလ်=ကုသလ ပါဠိစကားကို မြန်မာလို ကုသိုလ်ဟုရေးရကြောင်း ပြောပြပါ။

လူသစ်တည်ဖို့



ပြည်သစ်ဆောက်ဖို့။